MDwise
A McLaren Company

# MDwise အဖွဲ့ဝင်များအတွက် အကြံများ

## Hoosier Healthwise

ကျွန်ုပ်တို့၏ ဖောက်သည် ဝန်ဆောင်မှုနံပါတ်မှာ-

**1.800.356.1204**

### MDwise ဖောက်သည် ဝန်ဆောင်မှု

ကျွန်တော်တို့ နံနက် **8** နာရီ – ည **8** နာရီအထိ ဖွင့်ပါသည်။

သင်ခေါ်ဆိုသည့်အခါ ရွေးချယ်မှု 1 ကိုနှိပ်ပါ၊ ထို့နောက် Hoosier Healthwise အတွက် ရွေးချယ်မှု 1၊ ယင်းနောက် ရွေးချယ်မှု 5 ကိုနှိပ်ပါ။ သင်လိုအပ်သော ဘာသာစကား ကိုပြောဆိုပါ။ သင်နှင့် ပြောဆိုရာတွင် ကူညီရန် စကားပြန်တစ်ယောက်အား ဖုန်းသို့ ခေါ်ဆိုပေးပါမည်။ စကားပြန်ရောက်လာသည်အထိ လိုင်းပေါ်တွင် နေပေးပါ။ ဖောက်သည် ဝန်ဆောင်မှုက သင့်အမည်၊ မွေးနေ့သက္ကရာဇ်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်နှင့် MDwise ID နံပါတ် (သင့် ID ကတ်တွင် ပါရှိသည့်အတိုင်း) တို့ကို မေးမြန်းပါမည်။ ယင်းမှာ ကျွန်တော်တို့သည် မှန်ကန်သည့် ပုဂ္ဂိုလ်အား ပြောဆိုနေကြောင်း သေချာစေပြီး အချက်အလက်များကို အပ်ဒိတ်ပြုလုပ်ရန် ဖြစ်ပါသည်။

အောက်ပါတို့နှင့် ပတ်သက်ပြီး ကူညီနိုင်ပါသည်-

1. သင့်ဆေးကုသသည့် ချိန်းဆိုမှုအတွက် စကားပြန်များ။
2. သင့်အတွက် သတ်မှတ်ထားသည့် ဆရာဝန် ။
3. သင့်ဆရာဝန်ကို မည်သို့ ရွေးချယ် လဲလှယ်နိုင်သည်။
4. ဆေးဝါးကုသသည့် ဝန်ဆောင်မှုများအတွက် ငွေပေးချေရန် တောင်းလာခဲ့လျှင် သင်ဘာလုပ်ရမည်။

### သွားလာရေး

MDwise က ဆေးဝါးကုသသည့် ချိန်းဆိုမှုများသို့ ကားဖြင့်လာနိုင်ရန် ကူညီနိုင်ပါသည်။**

**RIDEwise**

ချိန်းဆိုမှု မတိုင်မီ အနည်းဆုံး အလုပ်ရက် နှစ်ရက်ခန့်တွင် ခေါ်ဆိုပါ။ အောက်ပါတို့ကို ကျွန်တော်တို့ သိရန်လိုပါသည်-

- သင်၏ လိပ်စာနှင့် ဖုန်းနံပါတ်
- ဆရာဝန်၏ ချိန်းဆိုမှု ရက်စွဲ
- ဆရာဝန်၏ ချိန်းဆိုမှု အချိန်
- ဆရာဝန်၏အမည် သို့မဟုတ် ရုံးခန်းအမည်
- ဆရာဝန်၏ လိပ်စာနှင့် ဖုန်းနံပါတ်
- သင်နှင့်အတူ စီးနင်းလိုက်ပါမည့် လူအရေအတွက်
- ဘီးတပ်တွန်းလှည်းကား လိုအပ်မှု ရှိမရှိ။

လာကြိုရန်အတွက် ဘယ်အချိန်တွင် အဆင်သင့်ပြင်ထားရမည်ကို ပြောပါမည်။

အိမ်သို့ပြန်ရန် အဆင်သင့်ဖြစ်ပါက 1.800.356.1204 တွင် ကျွန်တော်တို့ကို ခေါ်ဆိုပါ။ ရွေးချယ်မှု 1 ကိုနှိပ်ပါ၊ ထို့နောက် Hoosier Healthwise အတွက် ရွေးချယ်မှု 1၊ ပြီးနောက် သွားလာရေးအတွက် ရွေးချယ်မှု 3 ကိုနှိပ်ပါ။ သင့်ကိုကြိုရန် သယ်ယူပို့ဆောင်ရေးကို ပို့လွှတ်ပါမည်။

### ကျွန်ုပ်၏ ဆေးဝါးများကို မည်သို့ရပါမည်နည်း။

သင် သို့မဟုတ် သင့်ကလေး၏ ဆေးဝါး သို့မဟုတ် ဆေးညွှန်းမလိုပဲ ဝယ်ယူနိုင်သော ဆေးဝါးများကို လိုအပ်သောအခါ သင့်ဆရာဝန်က ဆေးညွှန်းရေးပေးပါလိမ့်မည်။ ထိုဆေးညွှန်းကို ဆေးဆိုင်သို့ ယူသွားနိုင်ပါသည်။

ဆေးဆိုင်တွင် သင့်ဆေး ဖြည့်တင်းရယူရန်နှင့် ပတ်သက်ပြီး မေးခွန်း သို့မဟုတ် ပြဿနာရှိပါက 1.844.336.2677 သို့ ခေါ်ဆိုနိုင်ပါသည်။ ရွေးချယ်မှု 2 ကိုရွေးပါ၊ ထို့နောက် သင့်ဖုန်းပေါ်မှ ကီးခလုတ်ကို အသုံးပြုပြီး သင့် အဖွဲ့ဝင် ID ကတ်ပေါ်တွင် ပါရှိသည့် အဖွဲ့ဝင် ID နံပါတ်ကို ရိုက်ထည့်ပါ။

ဆေးဆိုင် ရှာဖွေရာတွင် အကူအညီလိုအပ်ပါက MDwise ဖောက်သည် ဝန်ဆောင်မှုကို ဖုန်းခေါ်ဆိုပါ။

Hoosier Healthwise
Health Care Program

*Healthwise အစီအစဉ်များ အားလုံးကို ဆရာဝန်ထံသို့ ကားစီစဉ်ပေးခြင်း မရှိပါ။

HHW-HIPM0440 (5/17)

MDwise
A McLaren Company

# MDwise အဖွဲ့ဝင်များအတွက် အကြံများ
## Hoosier Healthwise

### သင်၏ ဆရာဝန်

သင်သည် ဆရာဝန်တစ်ဦးကို ချက်ချင်း မရွေးချယ်ပါက ဆရာဝန်တစ်ဦးကို သင့်အား သတ်မှတ်ပေးပါလိမ့်မည်။ သင့်ဆရာဝန်ကို ဖောက်သည် ဝန်ဆောင်မှု 1.800.356.1204 သို့ ဖုန်းခေါ်ဆိုပြီး လဲလှယ်နိုင်ပါသည်။ ရွေးချယ်မှု 1၊ ထို့နောက် Hoosier Healthwise အတွက် ရွေးချယ်မှု 1၊ ပြီးနောက် ရွေးချယ်မှု 5 ကို နှိပ်ပါ။

သင့်ဆရာဝန်နှင့် သင်၏ဆက်ဆံရေးမှာ အလွန်အရေးကြီးပါသည်။ သင့်ဆရာဝန်၏ ရုံးခန်းသို့ စကားပြောဆိုရန် လိုအပ်ပါက သင်လိုအပ်သော ဘာသာစကားကို ပြောဆိုပါ။ သင့်ကို စကားပြောဆိုရာတွင် အကူအညီပေးရန် ဖုန်းစကားပြန် သို့မဟုတ် လူတစ်ဦးကို ပေးပါလိမ့်မည်။

သင့်ချိန်းဆိုမှုအား မသွားနိုင်လျှင် ဖုန်းခေါ်ဆိုပြီး ဖျက်ရန်လိုပါသည်။ သင့်ချိန်းဆိုမှုမတိုင်မီ အနည်းဆုံး တစ်ရက်အလိုတွင် ယင်းကို ပြုလုပ်ပါ။ သင့်ဆရာဝန် သို့မဟုတ် MDwise ထံမှ ဖုန်းခေါ်ဆိုမှု သို့မဟုတ် သတင်းစကား ရရှိပါက ချက်ချင်း ပြန်လည်ခေါ်ဆိုပါ။ အရေးကြီးသည့် အချက်အလက်များ မျှဝေရန် သင့်အား ဆက်သွယ်နေပါသည်။ သင့်ကို ကူညီရန် ရှိပါသည်။

NURSEon-call

သင့်ဆရာဝန်အား တွေ့ရန် သို့မဟုတ် အရေးပေါ်ခန်းသို့ သွားရန်ကို ဆုံးဖြတ်နိုင်ရန် အကူအညီလိုပါသလား။ ကျွန်တော်တို့ရဲ့ 24 နာရီ 7 ရက်လုံး ရရှိသည့် အွန်ကောသူနာပြုကို ခေါ်ဆိုပါ။ နံပါတ်မှာ 1.800.356.1204 ဖြစ်ပြီး၊ ပြီးနောက် ရွေးချယ်မှု 4 ကို နှိပ်ပါ။



ကျွန်ုပ်၏ ဆရာဝန်မှာ -

______________________________

ဖြစ်ပြီး သူ၏ ဖုန်းနံပါတ်မှာ -

______________________________

### မှတ်ချက်

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________